

# သူငယ်ချင်းသို့.....ကဗျာ

-သတိရတယ်ဟော့ကောင်ရေ.....
အနှစ်(၂၀)အတွင်း
မင်း.....ဘာများဖြစ်နေပါလိမ့်
ဇနီးမယား
သမီးသားတွေနဲ့...မင်းအိမ်ထောင်ရေးသာယာလှပနေမလား....။

စီးပွားရေး ပြေလည်ပြီး
ကြွယ်ဝချမ်းသာနေမလား....
ဒါမှမဟုတ်
တောင်ယာခုတ်၊ထင်းခုတ်
လယ်လုပ်ပြီး လုပ်စားနေရပြီလား
ကြုံရာကျပန်းလုပ်ရင်း ဆိုက္ကားများနင်းစားနေရပြီလား
ဆင်းရဲသားဘဝနဲ့     ချွတ်ခြုံကျနေပြီလား...
မင်းက...
ဖေါ်လံဖား မလုပ်တတ်တော့
"လုပ်စား"တာ မကျွမ်းကျင်တော့
သစ္စာရှိစွာနဲ့ မဖေါက်ပြန်တတ်တော့
မှန်မှန်နေပြီး မဟုတ်မခံတတ်တော့
လုပ်စားတတ်သူတွေကြား
လူတွင်ကျယ်တွေကြား
ဖိနှိပ်နေသူတွေကြား
အဖိနှိပ်ခံသာမန်ပြည်သူတွေနဲ့
ဝေမျှခံစား
ဖြစ်သလိုနေထိုင်စားသောက်ရင်း
မင်းရဲ့ဘဝကို ထုဆစ်ချောမွတ်နေမလား
ငါသိချင်လိုက်တာ...ဟော့ကောင်ရေ....။

-တို့တတွေမတွေ့ရတာ
ကာလအတန်ကြာပေါ့...
သတိရတယ်...ဟော့ကောင်ရေ...။

-မင်းဘယ်များရောက်နေပါလိမ့်
ဘယ်နေရာရောက်ရောက်
မဖေါက်ပြန်ပါနဲ့
စစ်အုပ်စုကိုတော်လှန်စိတ်
မဆိတ်သုဉ်းပါနဲ့
ငွေရှာနေရသလို
အာဏာရှင်အောက်က လွတ်မြောက်လမ်းကိုလည်းရှာပါ

"ပန်းတိုင်"ကိုလည်း မျက်ချေမပြတ်မိစေနဲ့
(အခြေအနေအရ)
မင်းဘဝ စိုပြေပြည့်စုံနေရင်လည်း
ငတ်နေသူတွေကိုထောက်ပံ့ကူညီပါ
နာရေးကူညီမှုအသင်းနဲ့ သုခကုသိုလ်ဖြစ်ဆေးရုံကိုလှူတန်းပါ
ကိုယ်ကျိုးစွန့်သူတွေကိုစာနာကူညီပါ
သူတို့လုပ်ငန်းတွေအတွက်
(မင်းတတ်နိုင်သမျှ)
ဝိုင်းရုံပေးပါ
ဒေါင်းယောင်ဆောင်တဲ့ ကျီးတွေကိုမှတ်သားပါ
အခွင့်ရရင် ဆုံးမပါ သတင်းပို့ပါ
အချောင်သမားတွေကို မျက်နှာလွှဲပါ
ရိုးသားစွာ တက်ကြွသူတွေနဲ့ပူးပေါင်းပါ
ငါ....ဒါတွေကိုတော့   ပြောချင်တယ်...ငါ့ကောင်ရေ....။

-သတိရတယ်....ဟော့ကောင်ကြီးရေ
အလုပ်တွေ များနေတဲ့ကြားကပဲ
ရင်ထဲ
တကယ်ပဲ သတိရ
တမ်းတနေမိပါရဲ့...သူငယ်ချင်း ရဲဘော်ရေ.....။

-မျှော်မှန်းတဲ့ကာလ
အဲဒီကာလကိုရောက်ရင်တော့....
တို့တွေပြန်ဆုံနိုင်ကောင်းပါရဲ့
နေခြည်တွေသာ တောက်ပပါစေတော့
ကျွဲရိုင်း မှတ်သံကြားရင်..မင်းဝမ်းသာပေါ့.....။

ဇော်(ပေါင်းတည်)